အထွေထွေဒေတာအချက်အလက်ကာကွယ်ရေးစည်းမျဉ်း (DSGVO) ပုဒ်မ (၁၃) နှင့် (၁၄) ဆိုင်ရာ သတင်းအချက်အလက်များ

အထွေထွေဒေတာအချက်အလက်ကာကွယ်ရေးစည်းမျဉ်း (DSGVO) ပုဒ်မ (၁၃) နှင့် (၁၄) အရ ကိုယ်ရေးကိုယ်တာအချက်အလက်များကို စီမံဆောင်ရွက်ရာတွင် လိုက်နာရန် ညွှန်ကြားချက်

Oskar-von-Miller-Ring အမှတ် (၁၈), ၈၀၃၃၃ မြူးနစ်မြို့ရှိ Goethe-Institut e.V., သည် - ဆက်လက်၍ "GI" ဟု သုံးစွဲပါမည် - အောက်ပါအခြေအနေများတွင် သင်၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို - ဆက်လက်၍ ဒေတာအချက်အလက်များ ဟု သုံးစွဲပါမည် - စုဆောင်း၍ ဆက်လက်ဆောင်ရွက်ပါသည်။

## တာဝန်ရှိအဖွဲ့အစည်း

Goethe-Institut e.V.

Oskar-von-Miller-Ring အမှတ် (၁၈)

၈၀၃၃၃ မြူးနစ်

တယ်လီဖုန်း: +၄၉ ၈၉၁၅၉၂၁-၀

info@goethe.de

www.goethe.de

## ၁) ဒေတာများကို စီမံဆောင်ရွက်ရန် အတွက် ရည်ရွယ်ချက် နှင့် ဥပဒေအခြေခံစည်းမျဉ်းများ

Goethe-Institut သည် AMIF အတွက် အမျိုးသားရန်ပုံငွေလမ်းညွှန်မှုဘောင်အတွင်းမှ ပရောဂျက်များကို ဆောင်ရွက်ပါသည်။ ပရောဂျက်များစီစဉ်ရာ နှင့် ဦးဆောင်ဆောင်ရွက်ရာတွင် (ဥပမာ - အခမ်းအနားပွဲအတွက် မှတ်ပုံတင်ခြင်း) ပရောဂျက်တွင်ပါဝင်ရန်ရည်မှန်းထားသူများ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို သိမ်းဆည်းဆောင်ရွက်ရပါသည်။ ထို့အပြင် Goethe-Institut သည် AMIF မှ ချီးမြှင့်သော ထောက်ပံ့ငွေများကို စီမံခန့်ခွဲခြင်း နှင့် စာရင်းရှင်းခြင်းတို့တွင် ကိုယ်ရေးကိုယ်တာဒေတာများပါဝင်နေသော အစီရင်ခံစာတင်ရန် တာဝန်ရှိပါသည်။ လုပ်ငန်းစဉ်အတွက် သက်ရောက်သည့် ဥပဒေစည်းမျဉ်းမှာ DSGVO ပုဒ်မ (၆) အပိုဒ် (၁.ခ) နှင့် ပုဒ်မ (၆) အပိုဒ် (၁.စ) တို့ဖြစ်သည်။

## ၂) သိမ်းဆည်းထားသောဒေတာအမျိုးအစား

ပရောဂျက်တွင်ပါဝင်ရန် ရည်မှန်းထားသည့်ပုဂ္ဂိုလ်များထံမှ အောက်ပါအချက်အလက်များကို စုဆောင်းပါသည်။ မျိုးရိုးအမည်၊ ပထမအမည်၊ မွေးနေ့၊ ကျား/မ၊ မိခင်နိုင်ငံ၊ နိုင်ငံသား၊ ထုတ်ပေးသည့်အဖွဲ့အစည်း နှင့် နံပါတ်ပါရှိသော နေထိုင်ခွင့်အထောက်အထားအမျိုးအစား၊ ဂျာမနီတွင် နေထိုင်ရန်စီစဉ်ထားသောနေရာ၊ ဂျာမနီတွင် နေထိုင်ရသည့် အကြောင်းရင်း၊ အီးမေးလ် တို့ဖြစ်သည်။

ဆက်လက်၍လည်း Goethe -Institut မှ ပါဝင်သူများကို ပရောဂျက်တိုးတက်မှုအတွက် ယခု ပရောဂျက်၏ ထပ်မံဆောင်ရွက်သွားမည့် အစီအစဉ်အစီများကို အီးမေးလ်မှ တစ်ဆင့်ဆက်သွယ် ဆောင်ရွက်သွားပါမည်။ DSGVO ဥပဒေစည်းမျဉ်းများမှာ ပုဒ်မ (၆) အပိုဒ် (၁.င) ဖြစ်ပါသည်။

### ၃) ဒေတာများ သိမ်းဆည်းခြင်းနှင့်ဖျက်ဆီးခြင်း

ပရောဂျက်စာရွက်စာတမ်းများကို နှစ်တစ်နှစ်ရဲ့ ဒီဇင်ဘာ ၃၁ ရက်နေ့မှ စတင်၍ ပရောဂျက်ပြီးဆုံးချိန်မှ (၁၀) နှစ်အထိ (AMIF ရန်ပုံငွေလမ်းညွှန်ချက်များ ပုဒ်မ (၈) အရ) သိမ်းဆည်းထားရမည်။ ဤကာလ ကုန်ဆုံးပြီးနောက်မှသာ ဒေတာအချက်အလက်များကို ဖျက်ဆီးပစ်ရမည်။

### ၄) သတင်းအချက်အလက်ကာကွယ်ရေးဆိုင်ရာ ဥပဒေရပိုင်ခွင့်များ

“သက်ဆိုင်သည့်ပုဂ္ဂိုလ်” မည်သူမဆို သတ်မှတ်ထားသည့်လိုအပ်ချက်များ ပြည့်စုံပါက သိမ်းဆည်းထားသည့် ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့် စပ်လျဉ်း၍၊ အောက်ပါအခွင့်အရေးများ ရရှိစေရမည်။
- လုပ်ငန်းစဉ်သတင်းအချက်အလက် ပေးခြင်း (DSGVO ပုဒ်မ (၁၅))
- မှားယွင်းနေသော ဒေတာအချက်အလက်များကို ပြင်ဆင်ခြင်း (DSGVO ပုဒ်မ (၁၆))
- မလိုအပ်တော့သောဒေတာအချက်အလက်များကို ဖျက်ဆီးခြင်း (DSGVO ပုဒ်မ (၁၇))
- လုပ်ငန်းဆောင်ရွက်မှုကို ကန့်သတ်ခြင်း (DSGVO ပုဒ်မ (၁၈))
- ဒေတာအချက်အလက် ထပ်ဆင့်လက်လွှဲပေးအပ်ခြင်း (DSGVO ပုဒ်မ (၂၀))
- လုပ်ငန်းဆောင်ရွက်နေမှုကို ကန့်ကွက်ခြင်း (DSGVO ပုဒ်မ (၂၁))

**<u>ကန့်ကွက်ခြင်း</u> - DSGVO ပုဒ်မ (၆) အပိုဒ် (၁) နံပါတ်စဉ် (စ) တွင်ပါဝင်သည့် အခြေခံရပိုင်ခွင့်နှင့်အညီ၊ ထူးခြားအခြေအနေရှိပါက သင်၏ကိုယ်ရေးကိုယ်တာအချက်အလက်များဖြင့် ပြုလုပ်သည့်လုပ်ငန်းစဉ်ကို အကြောင်းပြချက်နှင့်တကွ အချိန်မရွေးလာရောက်ကန့်ကွက်နိုင်သည်။ ထိုအခြေအနေတွင် သင်၏အချက်အလက်များကို ဆက်လက်ကိုင်တွယ်တော့မည် မဟုတ်ပါ။ သို့သော် လုပ်ငန်းစဉ်ဆောင်ရွက်မှုမှာ မဖြစ်မနေလိုအပ်သည်၊ ၎င်းဆောင်ရွက်မှုမှာ ထိုက်တန်သည် ဟူသည့် ခိုင်မာသောအကြောင်းပြချက် သက်သေပြနိုင်ပါက လုပ်ငန်းစဉ်ဆောင်ရွက်မှု ဆက်လက်ပြုလုပ်နိုင်သည် သို့မဟုတ် ဥပဒေရပိုင်ခွင့်များကို ကာကွယ်ရန်၊ လက်တွေ့ကျင့်သုံးရန်၊ အသက်သွင်းရန် လိုအပ်ပါကလည်း လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်နိုင်သည်။**

**DSGVO ပုဒ်မ (၆) အပိုဒ် (၁-က) အရ အချက်အလက်ကိုင်တွယ်ခြင်းအတွက် သဘောတူညီမှုမှာ -**
**<u>သဘောတူညီမှုကို ပြန်လည်ရုတ်သိမ်းပိုင်ခွင့်</u>**
**သင်၏ကိုယ်ရေးကိုယ်တာအချက်အလက်များကိုင်တွယ်မှုကို စာချုပ်ချုပ်ဆို၍ သဘောတူညီချက်ကို ပေးဆောင်ခဲ့လျှင်၊ အနာဂတ်တွင် သင်၏သဘောတူညီမှုကို အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်ပါသည်။**

**စတင်သဘောတူညီချိန်မှ ပြန်လည်ရုပ်သိမ်းချိန်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်အတွက် ဥပဒေသက်ရောက်မှုမှာ၊ ယခုသဘောတူညီချက်ရုတ်သိမ်းမှုကြောင့် ထိခိုက်မှုမရှိပါ။**

### ၅) သက်ဆိုင်ရာပုဂ္ဂိုလ်များအတွက် ဆက်သွယ်ရန်အချက်အလက်များနှင့် ပြန်လည်ရုတ်သိမ်းခွင့်

ဒေတာအချက်အလက်များ ကောက်ယူမှု၊ လုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် အသုံးပြုမှုအတွက် မေးခွန်းများ၊ ဒေတာအချက်အလက်ဆိုင်ရာ သတင်းများ၊ ပြင်ဆင်ခြင်းများ၊ လုပ်ငန်းစဉ်ကန့်သတ်ချက်များ၊ ဖျက်သိမ်းခြင်းများအတွက် မေးခွန်းများ ရှိပါက ၎င်းကိစ္စများအတွက် ခန့်အပ်ထားသော ဒေတာအချက်အလက်ကြီးကြပ်ရေးကော်မရှင်နာထံ တိုင်ကြားပိုင်ခွင့်ရှိသည်။

ဒေတာအချက်အလက်ကြီးကြပ်ရေးကော်မရှင်နာ

Goethe-Institut e.V.

Oskar-von-Miller-Ring နံပတ် (၁၈)

80333 မြူးနစ်

အီးမေးလ်- datenschutz@goethe.de

### ကြီးကြပ်ရေးကော်မတီထံ တိုင်ကြားခြင်း

ထို့အပြင် ဒေတာအချက်အလက်များကာကွယ်ရန်အတွက် တာဝန်ရှိသော ကြီးကြပ်ရေးကော်မတီထံ တိုင်ကြားနိုင်ခွင့် ရှိသည်။

၎င်းမှာ Graurheindorfer လမ်း၊ အမှတ် (၁၅၃), ၅၃၁၁၇ ဘွန်းမြို့ရှိ ဒေတာအချက်အလက် နှင့် သတင်းလွတ်လပ်ခွင့် ကြီးကြပ်ရေးဗဟိုကော်မရှင်နာ ဖြစ်သည်။ သင်၏တိုင်ကြားချက်ကို အခြားသောဒေတာအချက်အလက်ကာကွယ်ရေးကော်မတီတို့ထံ ပေးပို့နိုင်သည်။ ၎င်းတို့မှ သက်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီထံ ထပ်ဆင့်ပေးပို့သည်။

## သဘောတူညီချက်

AMIF မှ ကမ်းလှမ်းသည့်အစီအစဉ်များတွင် ပါဝင်ပြီး၊ လုပ်ငန်းစဉ်ကိုဆက်လက်ဆောင်ရွက်နိုင်ရန် အတွက် ကျွန်ုပ်၏ကိုယ်ရေးကိုယ်တာအချက်အလက်များ ("ဒေတာ") များကို ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့ရှိ Goethe-Institut e.V ဒေတာအချက်အလက်သိမ်းဆည်းရေး ဗဟိုဌာနတွင် သိမ်းဆည်းထားရန် နှင့် ၎င်းဒေတာများကို ယခင်ရှိနှင့်ပြီးဖြစ်သော ကျွန်ုပ်၏အခြားဒေတာများနှင့် ပေါင်းစပ်ဆောင်ရွက်ရန် သဘောတူညီမှုကို ဤနေရာတွင် ပေးအပ်ပါသည်။

ထို့အပြင် ကမ်းလှမ်းသောအစီအစဉ်များအတွက် ကျွန်ုပ်၏ဒေတာများသုံးစွဲခြင်းအပြင်၊ Goethe-Institut နှင့် ဗဟိုဌာနချုပ်မှ Goethe-Institut ၏ ဝန်ဆောင်မှုများအတွက် ကြော်ငြာနှင့် စျေးကွက်ရှာဖွေရေး ရည်ရွယ်ချက်များတွင် ကျွန်ုပ်၏ဒေတာများ သုံးစွဲနိုင်ကြောင်း သဘောတူပါသည်။ အထူးသဖြင့် ကျွန်ုပ်ပေးထားသော လိပ်စာနှင့် ဆက်သွယ်ရန်အချက်အလက်များထံသို့ သင့်လျော်သောကြော်ငြာ သို့မဟုတ် ဆန်းစစ်လေ့လာချက်ဆာဗေးစစ်တမ်းများ ("သတင်းအချက်အလက်များ") ပေးပို့ခွင့်ရှိပါသည်။ ဥပမာအားဖြင့် ဆန်းစစ်လေ့လာချက်ဆာဗေးစစ်တမ်းများတွင် ပါဝင်ခြင်းကို ကျွန်ုပ်ပေးထားသော လိပ်စာနှင့် ဆက်သွယ်ရန်အချက်အလက်များထံ ပေးပို့နိုင်ပါသည်။

သတင်းအချက်အလက်များကို စာတိုက်၊ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်နှင့်/သို့မဟုတ် SMS ဖြင့် ပေးပို့နိုင်ပါသည်။

ကျွန်ုပ်၏ဒေတာများကို အထက်ဖော်ပြပါ သဘောတူညီချက်များတွင် ပါဝင်သော ရည်ရွယ်ချက်များမှလွဲ၍ အခြားမည်သည့်ရည်ရွယ်ချက်အတွက်မဆို Goethe-Institut မှ အသုံးပြုမည် သို့မဟုတ် တတိယပါတီသို့ ဆက်လက်ပေးအပ်မည် မဟုတ်ပါ။ မလိုက်နာပါက ဒေတာအလွဲသုံးစားလုပ်မှုအဖြစ် သံသယဖြစ်နိုင်ပါသည်။

အထွေထွေဒေတာအချက်အလက်ကာကွယ်ရေးစည်းမျဉ်း (DSGVO) ပုဒ်မ (၁၃) နှင့် (၁၄) ဆိုင်ရာ သတင်းအချက်အလက်များ

အထွေထွေဒေတာအချက်အလက်ကာကွယ်ရေးစည်းမျဉ်း (DSGVO) ပုဒ်မ (၁၃) နှင့် (၁၄) အရ ကိုယ်ရေးကိုယ်တာအချက်အလက်များကို စီမံဆောင်ရွက်ရာတွင် လိုက်နာရန် ညွှန်ကြားချက်

ကြော်ငြာနှင့် ဈေးကွက်ရှာဖွေရေးရည်ရွယ်ချက်များအတွက် ကျွန်ုပ်၏ဒေတာများအသုံးပြုမှုကို အချိန်မရွေးပြန်လည်ရုပ်သိမ်းနိုင်သည်ကို သိရှိသဘောပေါက်ပါသည်။ ပြန်လည်ရုပ်သိမ်းချက်ကို andrea.hammann@goethe.de သို့ ပေးပို့နိုင်သည်။

ဒေတာအချက်အလက်ကာကွယ်မှုဆိုင်ရာနောက်ဆက်တွဲသတင်းအချက်အလက်များကို https://www.goethe.de/de/dat.html တွင် ကြည့်ရှုနိုင်သည်။